vic roads

အချက်အလက်စာစောင်

# ကားတစ်စီးဝယ်ခြင်းနှင့် မှတ်ပုံတင်ခြင်း

## မဝယ်မီ

- သင်သည် VicRoads ၏ ယာဉ်မှတ်ပုံတင်ခြင်း စုံစမ်းရေး ဝန်ဆောင်မှုဖြင့် စုံစမ်းစစ်ဆေးသင့်သည်။ ဤဝန်ဆောင်မှုသည်အခမဲ့ဖြစ်ပြီး ဗစ်က်တိုးရီးယား မှတ်တမ်းတွင်ရှိသော ကားများ၊ မော်တော်ဆိုင်ကယ်များ၊ ကုန်တင်ကားများ၊ နောက်တွဲယာဉ်များ၊ နောက်တွဲလူနေယာဉ်များတို့၏ မှတ်ပုံတင်ထားခြင်းကို သင့်အနေနှင့် အတည်ပြုနိုင်သည်။ ယာဉ်မှတ်ပုံတင်ခြင်း စုံစမ်းရေး ဝန်ဆောင်မှုနှင့် စုံစမ်းခြင်းအားဖြင့် မှတ်ပုံတင်ထားခြင်းမှာ သက်တမ်းရှိနေဆဲဖြစ်ခြင်း၊ သက်တန်းကုန်သွားပြီးဖြစ်ခြင်း၊ ဆိုင်းငံ့ထားခြင်း သို့မဟုတ် ပယ်ဖျက်ထားခြင်း ဟုတ်၊ မဟုတ်တို့၏အသေးစိတ်ကို သိရှိနိုင်ခွင့်ရသည်။ သင်သည် ကား၏ သက်သေခံကို အတည်ပြုရာ၌ ယာဉ်သက်သေခံအမှတ် သို့မဟုတ် ကားအောက်ခံထည်အမှတ်၊ အင်ဂျင်စက်အမှတ် သို့မဟုတ် ကားအမှတ်တံဆိပ်၊ အရောင်၊ ကိုယ်ထည်အမျိုးအစား၊ ထုတ်လုပ်သည့်နှစ် စသည်တို့ကဲ့သို့သော သင့်အား ထောက်ကူနိုင်သည့် အချက်အလက်များအားလည်း ရရှိနိုင်သည်။ သင်သည် **vicroads.vic.gov.au** ၌ကြည့်ခြင်းအားဖြင့် ယာဉ်မှတ်ပုံတင်ခြင်း စုံစမ်းရေး ဝန်ဆောင်မှုကို စစ်ဆေးနိုင်သည်။
- သင်သည် ကိုယ်ပိုင်ပစ္စည်းဥစ္စာလုံခြုံရေးမှတ်တမ်း (PPSR) ကိုလည်းစစ်ဆေးနိုင်သည်။ ၎င်းမှာ သင် ကားတစ်စီးမဝယ်မီ ကား၏အသေးစိတ်ကိုစစ်ဆေးနိုင်ခွင့်ရှိသည့် အခကြေးပေးရသော နိုင်ငံတော်ဝန်ဆောင်မှုတစ်ရပ်ဖြစ်သည်။ အကယ်၍သင်သည် ကိုယ်ပိုင်ပစ္စည်းဥစ္စာလုံခြုံရေးမှတ်တမ်းရှာဖွေရေးတရားဝင်လက်မှတ်တစ်စောင်ကိုဝယ်လျှင် သင်သည် အကြွေးတစ်ခုခုတင်ရှိနေသေးခြင်း(ဝန်ထုပ်ဝန်ပိုးများ)၊ ယာဉ်အသေးစိတ် (အမှတ်တံဆိပ်နှင့် ပုံစံ)၊ မှတ်ပုံတင်ထားမှုအခြေအနေ၊ ခိုးဝှက်ခံအခြေအနေ၊ သို့မဟုတ် လျှော်ပစ်ခြင်းအခြေအနေတို့ကို ထုတ်ဖော်သိရှိနိုင်သည်။ သင်သည် ၁၃၀၀ ၀၀၇ ၇၇၇ ကိုဖုံးဆက်၍ သို့မဟုတ် **ppsr.gov.au** ၌ကြည့်၍ PPSR ကိုစစ်ဆေးနိုင်သည်။

## မှတ်ပုံတင်ထားသည့်ကားတစ်စီးကိုဝယ်ခြင်း

### မှတ်ပုံတင်ထားသည့်ကားတစ်စီးကိုဝယ်သည့်အခါ သင်လုပ်ရမည်မှာ၊

- ရောင်းသူထံမှ သက်တမ်းရှိဆဲ လမ်းပေါ်မောင်းထိုက်သည့်တရားဝင်လက်မှတ်ကို ရယူရပါမည်။
- ရောင်းသူနှင့်အတူ မှတ်ပုံတင်လွှဲပြောင်းရေးလျှောက်လွှာကို ဖြည့်စွက်ရမည်။ ၎င်းပုံစံကို **vicroads.vic.gov.au** ၌ အွန်လိုင်းအရ၊ ၁၃ ၁၁ ၇၁ ကို ဖုန်းဆက်၍ သို့မဟုတ် VicRoads ဝန်ဆောင်မှုဌာနတစ်ခုခုမှ ရယူပါ။

### မှတ်ပုံတင်အား သင့်အမည်နှင့် လွှဲပြောင်းယူရန် -

- ကားကိုရောင်းပြီးနောက် ၁၄ ရက်အတွင်း လုံးဝပြီးပြည့်စုံစွာ ဖြည့်စွက်ထားသည့် လွှဲပြောင်းပုံစံ၊ လမ်းပေါ်မောင်းထိုက်သည့် တရားဝင်လက်မှတ် နှင့် အခကြေးတို့ကို VicRoads သို့တင်သွင်းပါ။ သင်သည် ယင်းလိုအပ်သော စာရွက်စာတမ်းများ အားလုံးနှင့် အခကြေးများ (ချက်လက်မှတ် သို့မဟုတ် ငွေလွှဲစာ) ကို VicRoads, GPO Box 1644, Melbourne 3001 သို့ စာပို့၍သော်လည်းကောင်း၊ သို့မဟုတ် VicRoads ဝန်ဆောင်မှုဌာနတစ်ခုခုသို့ သွားရောက်၍သော်လည်းကောင်း၊ ဆောင်ရွက်နိုင်ပါသည်။
- ကားတစ်စီးကို ကားရောင်းဝယ်သူထံမှ ဝယ်ယူသည့်အခါ၌၊ ထိုသူသည် လိုအပ်မှုမှန်သမျှကို VicRoads သို့ ပို့ပေးလိမ့်မည်။

### အခကြေးများ

- လွှဲပြောင်းပေးခ
- မော်တော်ယာဉ်အခွန်ခတို့ဖြစ်ကြသည်။

အခကြေးများကို **vicroads.vic.gov.au** ၌ အွန်လိုင်းအရ သို့မဟုတ် ၁၃ ၁၁ ၇၁ ကို ဖုန်းဆက်ပြီး တွက်ချက်ယူနိုင်သည်။

### လမ်းပေါ်မောင်းထိုက်သည့် တရားဝင်လက်မှတ်

- ၎င်းလက်မှတ်သည် မှတ်ပုံတင်ထားသည့်ကားတစ်စီးကို ရောင်းသည့်အခါ၌ သို့မဟုတ် အကယ်၍ တစ်ပတ်ရစ်ကားတစ်စီးကို ပြန်လည်မှတ်ပုံတင်ရမည့်အခါ၌ လိုအပ်သည်။
- ၎င်းလက်မှတ်ကို VicRoads မှခွင့်ပြုချက်ရထားသည့် လိုင်စင်ရ ယာဉ်စစ်ဆေးသူ တစ်ဦးမှသာ ထုတ်ပေးနိုင်ပါသည်။
- ၎င်းလက်မှတ်သည် ကားကို လမ်းပေါ်တွင်အသုံးပြုရန် ဘေးအန္တရာယ်ကင်းမှုရှိခြင်းကို သေချာစေရေးအတွက် ကားကို စစ်ဆေးမှုတစ်ရပ်ဖြစ်သည်။
- ၎င်းလက်မှတ်၏အဓိပ္ပာယ်မှာ ကားသည် အနာအဆာကင်းသည့် ထိပ်တန်းအခြေအနေ ရှိပြီး ဘေးကင်းမှုနှင့်မစပ်ဆိုင်သည့် သက်ဆိုင်ရာ ပစ္စည်းအစိတ်အပိုင်းများမှာ အလုပ်လုပ်နေသည်ဟု မဆိုလိုပါ။
- ၎င်းလက်မှတ်သည် ထုတ်ပေးသည့်နေ့စွဲမှစတင်ပြီး ရက် ၃၀ အတွက် သက်တမ်းရှိသည်။

## မှတ်ပုံမတင်ထားသည့်ကားတစ်စီးကိုဝယ်ခြင်း

### မှတ်ပုံမတင်ထားသည့်ကားတစ်စီးကိုဝယ်သည့်အခါ၌ သင်လုပ်ရမည်များတို့မှာ -

- ကားအမှတ်တံဆိပ်၊ ပုံစံနှင့် ယာဉ်သက်သေခံအမှတ်(VIN)များတို့ ပါဝင်သည့်အပြင် သင်နှင့် ရောင်းသူတို့၏အမည်များနှင့် လိပ်စာများတို့ကိုဖော်ပြထားသော လက်မှတ်ရေးထိုးထား၍ နေ့စွဲတပ်ထားသည့် ပြေစာကို ရောင်းသူထံမှ ရယူပါ။
- မှတ်ပုံမတင်ထားသည့်ယာဉ် ခွင့်စာတစ်ခုကို စီစဉ်ပါ။
- လမ်းပေါ်မောင်းထိုက်သည့်တရားဝင်လက်မှတ်တစ်ခုကိုရယူပါ။
- ယခင်က မှတ်ပုံတင်ထားသည့်လက်မှတ်ကဲ့သို့သော ယာဉ်၏ယခင်က မှတ်ပုံတင်ထားခဲ့ခြင်း၏အထောက်အထားကို တင်ပြပါ။
- မှတ်ပုံတင်ရန် ရက်ချိန်းကိုယူပြီး ကားကို စစ်ဆေးရန်အတွက် VicRoads ဝန်ဆောင်မှုဌာနတစ်ခုသို့ ယူလာပါ (ကားကို မှတ်ပုံတင်ရန်အတွက် သင်သည်အသက် ၁၇ နှစ် သို့မဟုတ် ၎င်းအထက်ဖြစ်ရမည်)။

### မှတ်ပုံမတင်ထားသည့်ယာဉ် ခွင့်ပြုစာ

မှတ်ပုံမတင်ထားသည့်ယာဉ်တစ်စီးကို ပြုပြင်ရန် သို့မဟုတ် လမ်းပေါ်မောင်းထိုက်သည့် တရားဝင်လက်မှတ် အတွက်စစ်ဆေးရန် ထိုယာဉ်ကို မမောင်းနှင်မီ၊ သင်သည် မှတ်ပုံမတင်ထားသည့်ယာဉ် ခွင့်ပြုစာ ကိုရယူရမည်။

- ၎င်းခွင့်ပြုစာသည် သင် လမ်းပေါ်မောင်းထိုက်သည့်တရားဝင်လက်မှတ်ကို ရယူပြီး ကားကို မှတ်ပုံတင်ရန် အသင့်ပြင်ဆင်ရေးအတွက် သင့်အား ကားကို လမ်းပေါ်တွင် မောင်းနှင်ခွင့်ပေးသည်။
- ထိုခွင့်ပြုစာကို VicRoads အား ၁၃ ၁၁ ၇၁ ကိုဖုန်းဆက်၍ သို့မဟုတ် မည်သည့် VicRoads ဝန်ဆောင်မှုဌာနတစ်ခုခုမှမဆို  ဝယ်နိုင်ပါသည်။ သင်သည် အင်ဂျင်စက်အမှတ် သို့မဟုတ် ယာဉ်သက်သေခံအမှတ်(VIN) နှင့်အတူ ကား၏ သရုပ်ဖော်ပြချက်ကို တင်ပြရမည်။
- သင့်ထံ၌ ရက်ချိန်းရှိပြီး ကားကိုမှတ်ပုံတင်ရန်အတွက် VicRoads သို့ ကားကို မောင်းနှင်နေခြင်းမှလွဲဖယ်၍ မှတ်ပုံမတင်ထားသည့်ယာဉ်တစ်စီးကို မှတ်ပုံမတင်ထားသည့် ယာဉ် ခွင့်စာမရှိဘဲ မောင်းနှင်ခြင်းမှာ ပြစ်မှုတစ်ခုဖြစ်သည်။

## ကားတစ်စီးကို မှတ်ပုံတင်ရန် သင်လုပ်ရမည်မှာ

### ရက်ချိန်းယူပါ

- ရက်ချိန်းတစ်ခုယူရန်နှင့် ရက်ချိန်းခကိုပေးရန် VicRoads အား ၁၃ ၁၁ ၇၁ ကို ဖုန်းဆက်ပါ (Visa သို့မဟုတ် MasterCard နှင့်သာ ငွေပေးချေနိုင်သည်) သို့မဟုတ် VicRoads ဝန်ဆောင်မှုဌာနတစ်ခုခုသို့သွားပါ (ငွေသား၊ ချက်လက်မှတ်၊ EFTPOS၊ Visa သို့မဟုတ် MasterCard နှင့် ငွေချေပါ)။
- ရက်ချိန်းတစ်ခုယူသည့်အခါ၌ သင်သည် (အကယ်၍ အပ်စပ်မှုရှိလျှင်) ယာဉ်သက်သေခံအမှတ် (VIN)၊ အင်ဂျင်စက်အမှတ်နှင့် မှတ်ပုံတင်နံပါတ်ပြားတို့ကို လိုအပ်လိမ့်မည်။

### သင်၏ရက်ချိန်းသို့လာသည့်အခါ၌ -

- ကားကို စစ်ဆေးရန်အတွက် ယူလာပါ။
- သက်တမ်းရှိသည့် လမ်းပေါ်မောင်းထိုက်သည့်တရားဝင်လက်မှတ် တစ်ခုကိုတင်ပြပါ။
- သင်၏ သက်သေခံအထောက်အထားကိုတင်ပြပါ (ယာဉ်မောင်းလိုင်စင်တစ်ခုကို လိုအပ်သည် သို့မဟုတ် အကယ်၍ သင်သည် လိုင်စင်ကိုမကိုင်ဆောင်ထားလျှင် သင်၏ သက်သေခံအထောက်အထားပေါင်းစုံကိုပြသရမည်)။
- သင်သည် ကားကို တရားဝင်မှတ်ပုံတင်နိုင်ကြောင်းကိုပြသရန် သင် ကားကိုဝယ်ယူသည့်ပြေစာအား ယူဆောင်လာပါ။
- အကယ်၍သင့်ထံ၌ ဈေးလျှော့ခံစားခွင့်ကတ်ပြားတစ်ခုရှိလျှင် VicRoads အားအကြောင်းကြားပါ။
- အခကြေးများကို ပေးဆောင်ပါ။

### အခကြေးများမှာ -

- မှတ်ပုံတင်ခ (လျှော့ပေါ့ပေးထားသည့် လျှော့ဈေးနှုန်းများကို ရနိုင်သည်)
- နံပါတ်ပြားထုတ်ပေးခ (အကယ်၍လိုအပ်လျှင်)
- စစ်ဆေးပေးခ (အကယ်၍လိုအပ်လျှင်၊ သာမန်အားဖြင့် ရက်ချိန်းယူသည့်အခါ၌ ပေးရသည်)
- သယ်ယူပို့ဆောင်ရေး မတော်တဆထိခိုက်မှု ကော်မရှင်ခ (မလုပ်မနေရ သူတစ်ပါး ထိခိုက်နစ်နာမှု၌ ကိုယ်ရေးအနာတရဖြစ်ခြင်းအတွက် အာမခံ)
- မော်တော်ယာဉ်အခွန်ခတို့ဖြစ်ကြသည်။

အခကြေးများကို **vicroads.vic.gov.au** ၌ အွန်လိုင်းအရ သို့မဟုတ် ၁၃ ၁၁ ၇၁ ၌ ဖုန်းဆက်ပြီး တွက်ချက်ယူနိုင်သည်။

နောက်ထပ်အချက်အလက်များအတွက် **vicroads.vic.gov.au** ၌ကြည့်ပါ သို့မဟုတ် **၁၃ ၁၁ ၇၁** ၌ ဖုန်းဆက်ပါ သို့မဟုတ် VicRoads ဝန်ဆောင်မှုဌာနသို့သွားပါ။

ဤအချက်အလက်စာစောင်၌ဖော်ပြထားသော အချက်အလက်များသည် ပုံနှိပ်သည့်အချိန်တွင် မှန်ကန်ပြီး ပြောင်းလဲမှုရှိကောင်းရှိနိုင်သည်။

VRPIN02900 Buying and Registering a Car – Burmese Authorised by VicRoads, 60 Denmark Street, Kew, 3101